**Press Release**

# ရန်ကုန် - ချန်ဒူး တိုက်ရိုက်ခရီးစဉ်ကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလမှ စတင်၍ တစ်ပတ်လျှင် သုံးကြိမ် ပြေးဆွဲပျံသန်း

**ရန်ကုန် - ဒီဇင်ဘာလ ၂၉ ရက်၊ ၂၀၁၈ ခုနှစ် -** မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အစည်ကားဆုံး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (YIA) တွင် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ စီစဉ်ပြေးဆွဲသည့် ရန်ကုန် - ချန်ဒူး တိုက်ရိုက်ခရီးစဉ်ကို တစ်ပတ်လျှင် သုံးကြိမ် စတင်ပျံသန်းပြေးဆွဲနေပြီဖြစ်ပါသည်။ ခရီးသည်များသည် ရန်ကုန် - ချန်ဒူး တိုက်ရိုက်ခရီးစဉ်ကို ဒီဇင်ဘာလ ၂၈ ရက်မှ စတင်၍ လိုက်ပါစီးနင်းနိုင်ပြီဖြစ်ပါသည်။

ရန်ကုန်  - ချန်ဒူး ခရီးစဉ်သစ်အတွက် ခရီးသည် ၁၆၄ ဦး လိုက်ပါစီးနင်းနိုင်သည့် B738 / ခရီးသည် ၁၀၀ ဦး လိုက်ပါစီးနင်းနိုင်သည့် E190 အမျိုးအစားလေယာဉ်တို့ကို အသုံးပြုထားပြီး ရန်ကုန် - ချန်ဒူး - ရန်ကုန် အသွားအပြန်ခရီးစဉ်ဈေးနှုန်းကို အမေရိကန်ဒေါ်လာ ၃၃၀ ဒေါ်လာမှ စတင်ဝယ်ယူစီးနင်းနိုင်ရန် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ စီစဉ်ထားပါသည်။  ချန်ဒူးမြို့သည်  မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ပြေးဆွဲပျံသန်းသည့် ခြောက်ခုမြောက်အပြည်ပြည်ဆိုင်ရာ ခရီးစဉ်ဖြစ်ပါသည်။

**Schedule for Yangon – Chengdu thrice-weekly flights**

| Day | Sector | Departure | Arrival |
|---|---|---|---|
| **Mon/ Wed/ Fri** | Yangon – Chengdu | 2220 | 0230 + 1 |
| **Tue/ Thu/ Sat** | Chengdu – Yangon | 0335 | 0505 |

- **Note: All times are in Local. Chengdu GMT (+8)**

**ခရီးစဉ်သစ်စတင်ပြေးဆွဲပျံသန်းခြင်းအထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကျင်းပပြုလုပ်**

ခရီးစဉ်သစ်စတင်ပြေးဆွဲပျံသန်းခြင်းအထိမ်းအမှတ်အခမ်းအနားကို Terminal 1 တွင် ကျင်းပပြုလုပ်ခဲ့ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ သံမှူးကြီး Ms. Li Xiaoyan ၊ မြန်မာအမျိုးသားလေ

ကြောင်းလိုင်း၏ CEO Capt. ဦးသန်းထွန်း နှင့် Yangon Aerodrome Company Limited (YACL) ၏ Chief Executive Officer Mr. Ho Chee Tong တို့ တက်ရောက်ခဲ့ကြပါသည်။




ဒီဇင်ဘာလ ၂၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် အခမ်းအနားတွင်  အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်က “MNA ရဲ့ အိပ်မက်ထဲက ခြေလှမ်းတွေထဲက အရေးပါတဲ့ ခြေလှမ်းတစ်ရပ်အတွက် MNA ကို ဂုဏ်ယူစွာနဲ့ ဂမ်းပန်းတသာဂုဏ်ပြုအပ်ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနဲ့ သံရုံးရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ အားပေးကူညီမှုတွေအတွက်လည်း ကျေးဇူးတင်ပါတယ်။ ဆက်ပြီးတော့လည်း MNA ကို ဆက်လက်ကူညီပေးဖို့အတွက်လည်း မေတ္တာရပ်ခံလိုပါတယ်။” ဟု ဂုဏ်ပြုစကားပြောကြားခဲ့ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ သံမှူးကြီး Ms. Li Xiaoyan မှလည်း “၂၀၁၈ ခုနှစ်မှာ တရုတ်ပြည်က မြန်မာနိုင်ငံကို လာတဲ့ခရီးသည်ကလည်း ၂၅၉၆၀၀ နီးပါးလောက်ရှိပြီး လွန်ခဲ့တဲ့နှစ်ထက် ၃၈.၃၈% လောက် တိုးတက်လာတာဖြစ်ပါတယ်။ ချန်ဒူးမြို့ဟာ တရုတ်ပြည်ရဲ့ အနောက်တောင်ဘက်မှာရှိပြီး သိပ္ပံနည်းပညာနဲ့ လမ်းပန်းဆက်သွယ်မှုအချက်အချာကျတဲ့နေရာဖြစ်ပြီး ကြာရှည်တဲ့သမိုင်းနဲ့ စုံလင်တဲ့ယဉ်ကျေးမှုရှိတဲ့ မြို့လည်းဖြစ်ပါတယ်။ ရန်ကုန်မြို့က မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်ဖို့အကောင်းဆုံးမြို့တစ်မြို့လည်းဖြစ်ပါတယ်။ အဲဒါကြောင့် ဒီလမ်းကြောင်းက ချန်ဒူးနဲ့ ရန်ကုန်မြို့ရဲ့

ဆက်ဆံမှုက ပိုမိုများပြားလာစေမှာဖြစ်ပြီး နှစ်ဦးနှစ်ဖက်ခရီးသွားလာမှု၊ ပူးပေါင်းဆောင်ရွက်မှုကိုလည်း မြှင့်တင်ပေးမှာ ဖြစ်ပါတယ်။" ဟု ပြောကြားခဲ့ပါသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်း၏ CEO Capt. ဦးသန်းထွန်းက "ကျွန်တော်တို့ ရန်ကုန် - ချန်ဒူးခရီးစဉ်ကို တစ်ပတ် သုံးရက် ပျံသန်းဖို့ စီစဉ်ထားပါတယ်။ တရုတ်ခရီးသွားတွေက ရန်ကုန်ရောက်တဲ့အချိန်မှာ ချောင်းသာ၊ ငွေဆောင်စတဲ့ ပင်လယ်ကမ်းခြေဒေသတွေကို သဘောကျပြီး သွားလည်ပတ်ကြတာ သတိထားမိပါတယ်။ အခုဆို ကျွန်တော်တို့က ရန်ကုန် - ပုသိမ်ခရီးစဉ်တွေကို ခရစ်စမတ်နေ့က စတင်ပြီး တစ်ရက်ခြားတစ်ခါ ပြေးဆွဲပျံသန်းပေးနေပြီး တဖြည်းဖြည်းနဲ့ ခရီးသွားတွေက လေကြောင်းခရီးကို ပိုမိုအသုံးပြုလာကြမယ်ဆိုတာကို မြင်ရပါတယ်။ ကျွန်တော်တို့ နောက်ထပ် ဂူဟန်မြို့ကို ပျံသန်းပြေးဆွဲဖို့လည်း ကြိုးစားဆောင်ရွက်နေပါတယ်။" ဟု ခရီးစဉ်သစ်အကြောင်း ရှင်းလင်းပြောကြားခဲ့ ပါသည်။

YACL ၏ CEO Mr. Ho Chee Tong ကလည်း "ပထမဆုံးအနေနဲ့ မြန်မာအမျိုးသားလေကြောင်းလိုင်းရဲ့ ချန်ဒူးမြို့ကို ခရီးစဉ်သစ်စတင်ပြေးဆွဲခြင်းကို ဂုဏ်ပြုအပ်ပါတယ်။ ဒီခရီးစဉ်သစ်ကို စတင်ပြေးဆွဲမှုနဲ့အတူ မြန်မာနိုင်ငံသားတွေနဲ့ တရုတ်နိုင်ငံသားတွေအကြား ယဉ်ကျေးမှုဖလှယ်နိုင်တဲ့ အခွင့်အရေးတွေအပါအဝင် တခြားအခွင့်အရေးတွေ အများကြီး ပေါ်ထွန်းလာမှာအသေအချာပါပဲ။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အနေနဲ့ မြန်မာနိုင်ငံအစိုးရနှင့်တကွ မြန်မာအမျိုး သားလေကြောင်းလိုင်းတို့၏ ခြေလှမ်းသစ်တွေအားလုံးအတွက် တတ်နိုင်သမျှ အဘက်ဘက်ကနေ ပိုင်းဝန်းကူညီ ထောက်ပံ့ပေးဖို့ အမြဲတမ်းအဆင်သင့်ရှိနေကြောင်း ပြောကြားပါရစေ။" ဟု ဂုဏ်ပြုမှတ်ချက်စကားပြောကြားသွားခဲ့ပါ သည်။

- END -

## Yangon Aerodrome Company Limited (YACL)

### *Setting the standard for high performance*

Yangon Aerodrome Company Limited (YACL) သည် မြန်မာနိုင်ငံသို့ အဓိကဝင်ပေါက်ဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အား စီမံခန့်ခွဲလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အစည်ကားဆုံးလေဆိပ် ဖြစ်သည်နှင့်အညီ ရန်ကုန်အပြည် ပြည်ဆိုင်ရာ လေဆိပ်သည် အခြေခံအဆောက်အအုံ၊ အဖွဲ့အစည်းနှင့် စီမံခန့်ခွဲမှု အစရှိသော အဓိက နယ်ပယ်များတွင် အကောင်းမွန် ဆုံးဆောင်ရွက်နိုင်ရန် စွမ်းဆောင်ရည်မြင့်မားနေစေရေးစံချိန်စံညွှန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းတွင် မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်သော ခရီးသွားဦးရေသည် ပုံမှန်တိုးတက်လျက် ရှိ ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ရေရှည်တိုးတက်မှုများ ကြုံတွေ့လာနိုင်သည့်အားလျော်စွာ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်အနေဖြင့် နှစ်စဉ် တိုးတက်လာသော ခရီးသည်ပမာဏနှင့်အညီ ဝန်ဆောင်မှုများကို တိုးချဲ့ဆောင်ရွက်

လျက်ရှိပြီး ခရီးသည်များနှင့် လေကြောင်းလိုင်းများအတွက် အရည်အသွေးပြည့်ဝသော နိုင်ငံတကာအဆင့်မီဝန်ဆောင်မှုများပေးနိုင်ရန် မျှော်မှန်းတည်ဆောက်ထားခြင်းဖြစ်ပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ကမ္ဘာ့လူဦးရေ၏ သုံးပုံ နှစ်ပုံ နေထိုင်ရာ အိန္ဒိယနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကြားတွင် မဟာဗျူဟာမြောက်စွာတည်ရှိနေပြီး ဘန်ကောက်၊ စင်္ကာပူ၊ ကွာလာလမ်ပူ၊ တိုကျို၊ ဆိုးလ်၊ ဒူဘိုင်း၊ ဒိုဟာ၊ ဘေကျင်း၊ ဟောင်ကောင်နှင့် တိုင်ပေအစရှိသော မြို့ကြီးများနှင့်လည်း ၆ နာရီကြာ ပျံသန်းချိန်အကွာအဝေးအတွင်း၌သာ တည်ရှိနေပါသည်။ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၃၁ လိုင်း နှင့် အပြည်ပြည်ဆိုင်ရာ ခရီးစဉ် ၂၉ ခုအား ဝန်ဆောင်မှုပေးလျက်ရှိသော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ၂၀၁၇ ခုနှစ် အတွင်း ခရီးသည်စုစုပေါင်း ၅.၉၂ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။